# မြန်မာကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့
## နေ့စဉ်ဈေးကွက်သတင်းလွှာ

September 26, 2024 Volume 82, Number 18


၂၆.၉.၂၀၂၄

| | |
|---|---|
| ကမ္ဘာ့ရွှေဈေး | = N/A |
| မြန်မာ့ရွှေဈေး | = N/A |
| ဒေါ်လာဈေး | = N/A |
| CBM Rate | = ၂၁၀၀ ကျပ် |
| ယူရိုတစ်ယူရို | = ၂၃၃၉.၈ ကျပ် |
| စင်္ကာပူတစ်ဒေါ်လာ | = ၁၆၃၂.၁ ကျပ် |
| စတာလင်ပေါင်တစ်ပေါင် | = ၂၈၀၄.၀ ကျပ် |
| ဩစတြေးလျတစ်ဒေါ်လာ | = ၁၄၄၂.၃ ကျပ် |
| တရုတ်ယွမ် (တစ်ယွမ်) | = ၂၉၉.၂၂ ကျပ် |
| အိန္ဒိယရူပီး (တစ်ရူပီး) | = ၂၅.၀၉၂ ကျပ် |
| ကိုရီးယားဝမ်တစ်ရာ | = ၁၅၈.၀၅ကျပ် |
| မလေးရှားရင်းဂစ် | = ၅၀၇.၄၉ ကျပ် |
| ထိုင်းဘတ်တစ်ဘတ် | = ၆၄.၄၂၇ ကျပ် |


**CONTACT US**

ကုန်သွယ်မှုသတင်းအချက်အလက်နှင့် သုတသနဌာနခွဲ

ဖုန်း ၀၁-၃၇၁၂၀၄
၀၁-၃၇၆၄၁၆
၀၁-၃၇၆၄၉၀
ဖက်စ် ၀၁-၃၇၆၄၁၆

http://www.myantrade.gov.mm


## မြောင်းမြမြို့နယ်တွင် ပြည်တွင်းပြည်ပ အရောင်းအဝယ်သွက်နေသည့် ကွမ်းသီးဈေးကွက်



ဧရာဝတီတိုင်းဒေသကြီးအတွင်း စီးပွားဖြစ် စိုက်ပျိုးလျက်ရှိသော ကွမ်းသီးစိုက်ဧက ၂၁၈၆၂ ဧကရှိပြီး မြောင်းမြမြို့နယ်တွင် ကွမ်းသီးစိုက်ဧက ၃၅၆၉ ဧက စိုက်ပျိုးလျက်ရှိရာ ကွမ်းသီးထွက်ရှိချိန် ကွမ်းသီးအနု (အရည်သောက်)များကို ပြည်ပဈေးကွက်သို့ တင်ပို့ရောင်းချလျက်ရှိကြောင်းနှင့် ကွမ်းသီးအရင့်များမှာ ဒေသတွင်းစားသုံးရန် ဈေးကွက်အတွင်း အရောင်းအဝယ်ဖြစ်နေကြောင်းသိရသည်။

တရုတ်နိုင်ငံဈေးကွက်တွင် မြောင်းမြကွမ်းသီးကို ကြိုက်နှစ်သက်မှုရှိပြီး ဝယ်လိုအားရှိသည့်အတွက် မြောင်းမြမြို့မှာ ကွမ်းသီးနု(အရည်သောက်) အဓိက အရောင်းအဝယ်ဖြစ်သည့် ဒေသတစ်ခုဖြစ်၍ ကွမ်းသီးအနု (အရည်သောက်) ထွက်ရှိချိန် မတ်လမှ ဩဂုတ်လအတွင်း မြောင်းမြမြို့ပေါ်တွင် အဝယ်ဒိုင်များ ဖွင့်လှစ်ဝယ်ယူလျက် ရန်ကုန်မှတစ်ဆင့် ပြည်ပနိုင်ငံသို့ တင်ပို့ရောင်းချလျက်ရှိပြီး ယခင်နှစ် ကွမ်းသီအနု (အရည်သောက်) တစ်ပိဿာကို ကျပ် ၃၃၀၀ ဈေးဖြင့် ဝယ်ယူလျက်ရှိသော်လည်း ယခုနှစ် ကွမ်းသီးအနု (အရည်သောက်) တစ်ပိဿာလျှင် ကျပ် ၁၀၆၀၀ ရရှိ၍ ကွမ်းသီးစိုက်ပျိုးသည့်တောင်သူများတွက်ခြေကိုက်လျက်ရှိပြီး ကွမ်းသီးအရင့်ဈေးနှုန်းမှာ ယခင်နှစ်က တစ်ပိဿာလျှင်

ကျပ် ၆၀၀၀ ဈေးရှိခဲ့ပြီး ယခုနှစ်တွင် ကျပ် ၁၀၀၀၀ ရရှိသည့်အတွက် ကွမ်းသီးစိုက်ပျိုးသောတောင်သူများ ဈေးကောင်းရလျက်ရှိကြောင်း ဈေးကွက်မှသိရသည်။

**Source : DOCA(ရေဝတီ)**

https://www.doca.gov.mm/

## မြန်မာ့ဆန်ကို ဘယ်လ်ဂျီယံ အများဆုံးဝယ်



ယခုဘဏ္ဍာနှစ် ပထမ ၅ လပတ် အတွင်း ဘယ်လ်ဂျီယံနိုင်ငံက မြန်မာ့ဆန်ကို အများဆုံး တင်သွင်းထားကြောင်း မြန်မာနိုင်ငံဆန်စပါးအသင်းချုပ် (MRF) ရဲ့ အချက်အလက်တွေအရ သိရပါတယ်။

ဘယ်လ်ဂျီယံအနေနဲ့ ဆန်/ဆန်ကွဲတန်ချိန် ၁၆၂,၉၀၀ အထိ ဝယ်ယူထားပြီး တရုတ်နိုင်ငံက တန်ချိန် ၁၅၇,၂၀၀ နဲ့ ဒုတိယအများဆုံး ဝယ်ယူသူဖြစ်ကာ အင်ဒိုနီးရှားနိုင်ငံကတော့ တန်ချိန် ၁၄၅,၀၀၀ တင်သွင်းတဲ့ တတိယအများဆုံး ဝယ်လက်နိုင်ငံအဖြစ် ရှိနေပါတယ်။

မြန်မာနိုင်ငံအနေနဲ့ မိုဇမ်ဘစ်ကို ဆန်တန်ချိန် ၂၆,၅၀၀၊ စပိန်နိုင်ငံကို တန်ချိန် ၁၉,၅၀၀ ကျော်နဲ့ နယ်သာလန်ကို တန်ချိန် ၁၆,၅၀၀ ကျော် တင်ပို့ရောင်းချထားပါတယ်။

၂၀၂၄ ခုနှစ် ဧပြီလမှ ဩဂုတ်လအတွင်း မြန်မာနိုင်ငံမှ ဆန်နဲ့ဆန်ကွဲတွေကို ပြည်ပဝယ်လက်တွေထံ တန်ချိန် ၇၁၈,၀၀၀ တင်ပို့ခဲ့ပြီး အဲဒီကနေ အမေရိကန်ဒေါ်လာ ၃၅၃ သန်း ရရှိခဲ့ပါတယ်။

မြန်မာနိုင်ငံ ဆန်စပါးအသင်းချုပ်အနေနဲ့ ၂၀၂၄ ဧပြီလမှ ၂၀၂၅ မတ်အထိ ဘဏ္ဍာနှစ်အတွင်း ဆန်/ဆန်ကွဲတန်ချိန် ၂ ဒသမ ၅ သန်း တင်ပို့နိုင်ဖို့ ရည်မှန်းထားပါတယ်။

မြန်မာနိုင်ငံတော်ဗဟိုဘဏ်ရဲ့ ပို့ကုန်ရငွေကို ထိန်းချုပ်တဲ့ ငွေကြေးမူဝါဒကြောင့် ဆန်တင်ပို့မှုကို ထိခိုက်စေပြီး ပို့ကုန်လုပ်ငန်းရှင်တွေကို ငွေကြေးအရ ထိခိုက်စေကြောင်းသိရပါတယ်။ ဒါ့အပြင် အယ်လ်နီညို ရာသီဥတုအခြေအနေကြောင့်လည်း ဆန်တင်ပို့ရောင်းချမှုကို အဟန့်အတားဖြစ်ကြောင်း MRF ဥက္ကဋ္ဌက ပြောကြားထားပါတယ်။

**Source: BETV Business**

## ဆီကြိတ်ဖတ်ဈေးကွက်

မန္တလေးကုန်စည်ဒိုင်တွင် ပြည်တွင်း၌ကြိတ်ခဲ့သည့် စားသုံးဆီများဖြစ်သည့် မြေပဲ၊ နှမ်း၊ နေကြာတို့ကို ဆီကြိတ်ခဲ့ရာမှ ထွက်ရှိလာသည့် ဆီကြိတ်ဖတ်များကို နေ့စဉ် ဈေးကွက်တစ်ခုအဖြစ် အရောင်းအဝယ်ဖြစ်လျက်ရှိသည်။ ကုန်ကြမ်းဈေး အနိမ့်အမြင့်နှင့် တိရစ္ဆာန်အစာ ဈေးကွက်ပေါ်မူတည်ပြီး ကြိတ်ဖတ်ဈေးအနိမ့်အမြင့် ဖြစ်ပေါ်လျက်ရှိပြီး၊ မွေးမြူရေးအစာစက်ရုံများမှ အများဆုံး ဝယ်ယူနေကြောင်း သိရသည်။

ပဲဖတ် တစ်ပိဿာဈေးနှုန်းမှာ ယခုတစ်ပတ်တွင် ကျပ် ၅၇၀၀ မှ ၅၈၀၀၊ ယခင်တစ်ပတ်တွင် ကျပ် ၅၈၀၀၊ ယခင်လကျပ် ၅၀၀၀ မှ ၆၀၀၀ ဖြစ်သည်။ ယခင်တစ်ပတ်အတိုင်းဈေးငြိမ်နေပြီး၊ ယခင်လထက်ကျပ် ၂၀၀ မှ ၇၀၀ နိမ့်ကျလာသည်။

နှမ်းဖတ် တစ်ပိဿာဈေးနှုန်းမှာ ယခုတစ်ပတ်တွင် ကျပ် ၃၉၀၀၊ ယခင်တစ်ပတ်တွင် ကျပ် ၃၉၀၀မှ ၄၀၀၀၊ ယခင်လကျပ် ၄၀၀၀ ဖြစ်သည်။ ယခင်တစ်ပတ်/ယခင်လ အတိုင်းဈေးငြိမ်နေသည်။

နေကြာဖတ် တစ်ပိဿာဈေးနှုန်းမှာ ယခုတစ်ပတ်/ယခင်တစ်ပတ်တွင် ကျပ် ၃၀၅၀၊ ယခင်လ ကျပ် ၃၀၀၀ မှ ၃၁၀၀ ဖြစ်သည်။ ယခင်တစ်ပတ်အတိုင်း ဈေးငြိမ်နေပြီး၊ ယခင်လထက်ကျပ် ၅၀ နိမ့်ကျလာသည်။

Source : မန္တလေးတိုင်းဒေသကြီးဦးစီးမှူးရုံး

## ဧရာဝတီတိုင်းဒေသကြီးအတွင်း ပြည်တွင်း/ ပြည်ပဈေးကွက်တွင် အရောင်းအဝယ်ဖြစ်နေသော ပီလောပီနံမှုန့်



ဧရာဝတီတိုင်းဒေသကြီးအတွင်း ပြည်တွင်း/ ပြည်ပဈေးကွက်တွင် အရောင်းအဝယ်ဖြစ်နေသော စက်မှုကုန်ကြမ်းသီးနှံ ပီလောပီနံကို ကျုံပျော်၊ကျောင်းကုန်း၊ဟသ်ာတ၊ လေးမျက်နှာမြို့နယ်များတွင် အများဆုံး စိုက်ပျိုးထုတ်လုပ်၍ တိုင်းအတွင်း ပီလောပီနံ စိုက်ဧက ၃၀,၀၀၀ ခန့်ရှိပြီး ယခင်နှစ် ကျုံပျော်ခရိုင်တွင် စိုက်ဧက ၂၀,၀၁၅ ရှိခဲ့ပြီး ပိဿာချိန် ၁၁၂,၉၃၇,၅၉၃ ထွက်ရှိခဲ့ကြောင်းသိရသည်။

ကျုံပျော်ခရိုင်တွင် ၂၀၂၄-၂၀၂၅ ခုနှစ် စိုက်ပျိုးရာသီတွင် ပီလောပီနံစိုက်ဧက ၂၀၀၁၅ လျာထား၍ ယခုအချိန် ၁၉၆၅၆ ဧက စိုက်ပျိုးပြီးစီးကြောင်း ပီလောပီနံကို မေလမှ ဇွန်လအတွင်း စိုက်ပျိုးလျက်ရှိပြီး ဒီဇင်ဘာလမှ မတ်လအတွင်း တူးဖော်၍ ပီလောပီနံအမှုန့်ကြိတ်ခွဲသည့် စက်ရုံများမှ ကုန်ချော (ပီလောပီနံမှုန့်) ပြုလုပ်၍ ပြည်ပနှင့်ပြည်တွင်းဈေးကွက်တွင် ရန်ကုန်၊ မန္တလေး၊ အခြားမြို့များသို့ မုန့်လုပ်ငန်းနှင့် စက်မှုဇုန်များသို့ ချိတ်ဆက်ရောင်းချလျက်ရှိကြောင်း ဈေးကွက်မှသိရသည်။

ပီလောပီနံအမှုန့်ကို သာကူစေ့ပြုလုပ်ခြင်း၊ မုန့်အမျိုးမျိုးတွင် ထည့်သွင်းအသုံးပြုခြင်းနှင့် အရက်ချက်လုပ်ငန်းများတွင် သုံးစွဲလျက်ရှိပြီး ပီလောပီနံမှ ကလောမှုန့်ပြုလုပ်၍ ကျန်ရှိသည့် ပီလောပီနံစစ်ဖတ်များကို လက်တစ်ဆုပ်စာအလုံးများပြုလုပ်ပြီး အခြောက်လှမ်းကာ တိရစ္ဆာန်အစာအဖြစ် အသုံးပြုလျက်ရှိကြောင်းသိရသည်။

ယခင် ၂၀၂၃ ခုနှစ်တွင် ပီလောပီနံမှုန့် ၁ ပိဿာလျှင် ၂၇၀၀/၂၈၀၀ ကျပ်မှ ယခု ၂၀၂၄ ခုနှစ်တွင် ပီလောပီနံမှုန့် ၁ ပိဿာလျှင် ၂၃၅၀/၂၄၀၀ ကျပ်ဖြစ်သွား၍ ဈေးနှုန်းအနည်းငယ်ကျဆင်းပြီး ယခင်နှစ် ပီလောပီနံစစ်ဖတ်အလုံး ၁ တင်း လျှင် ၃၅၀၀/၃၈၀၀ ကျပ်ဖြင့် ရောင်းဝယ်ခဲ့ပြီး ယခု ၂၀၂၄ ခုနှစ်တွင် ၁၇၀၀/၁၈၀၀ ကျပ် ဖြစ်သွားသည့်အတွက် ယခင်နှစ်ထက် ဈေးနှုန်း လျော့နည်းသော်လည်း ပီလောပီနံကြိတ်ခွဲသည့်စက်များနှင့် ကုန်သည်များမှာ ထိုက်သင့်သလောက် အကျိုးအမြတ်ရရှိပြီး ပီလောပီနံအမှုန့်မှာ ဈေးကွက်ဝယ်လိုအားနည်းပါးခြင်း၊တိရစ္ဆာန်အစာ ဝယ်လိုအားနည်းပါးခြင်းကြောင့် ဈေးကွက်တွင် အရောင်းအဝယ်အေးလျက်ရှိကြောင်း သိရသည်။

**Source : DOCA(ဧရာဝတီ)**

https://www.doca.gov.mm/

## မုံရွာမြို့ကုန်စည်ဒိုင်တွင် အရောင်းအဝယ်ဖြစ်လျက်ရှိသော ပဲမျိုးစုံဈေးနှုန်းများ ယခင်အပတ်နှင့် ယခုအပတ် နှိုင်းယှဉ်မှုအခြေအနေ

စက်တင်ဘာလ စတုတ္ထပတ်အတွင်း မုံရွာမြို့ကုန်စည်ဒိုင်တွင် အရောင်းအဝယ်ဖြစ်နေသည့် လယ်ယာထွက်ကုန် သီးနှံ များ ဖြစ်သော ထောပတ်ပဲနှင့် ပုဂံပဲဈေးငြိမ်၍ ဂျုံဖြူသန့်၊ ပဲကြီး၊ မတ်ပဲ၊ ပဲတီစိမ်းကြီး၊ ပဲတီစိမ်းသေး၊ ပဲစင်းငုံ၊ ပဲနီလုံးရိုးရိုး၊ ပဲနီလုံးကြား၊ ပဲယင်းဝါ၊ မြေထောက်ပဲ၊ ပြောင်းနီ၊ CP ပြောင်းဖူးစေ့၊ ကုလားပဲဖြူလုံးကြီး၊ ကုလားပဲဖြူလုံးသေး၊ ကုလားပဲ 929၊ ကုလားပဲထိုင်ဝမ်နှင့် ပဲပုပ်စေ့ဈေးနှုန်းများ မြင့်တက်နေကြောင်းသိရသည်။ ယခုအပတ်အတွင်း သီးနှံတစ်တင်း ပေါက်ဈေးနှုန်း

များမှာ ဂျုံဖြူသန့် ၇၁,၀၀၀ ကျပ်၊ ပဲကြီး ၉၁၅၀၀ ကျပ်၊ မတ်ပဲ ၁၂၀၀၀၀ ကျပ်၊ ပဲတီစိမ်းကြီး ၈၁၀၀၀ ကျပ်၊ ပဲတီစိမ်းသေး ၇၀,၀၀၀ ကျပ်၊ ပဲစင်းငုံ ၁၅၅၀၀၀ ကျပ်၊ ပဲနီလုံးရိုးရိုး ၇၈၀၀၀ ကျပ်၊ ပဲနီလုံးကြား ၁၀၀၀၀၀ ကျပ်၊ ပဲယင်းဝါ ၇၅၀၀၀ ကျပ်၊ ထောပတ်ပဲ ၁၀၀,၀၀၀ ကျပ်၊ ပဲပုပ်စေ့ ၁၄၃,၅၀၀ ကျပ်၊ ပုဂံပဲ ၁၃၀,၀၀၀ ကျပ်၊ မြေထောက်ပဲ ၇၅,၀၀၀–၁၀၄,၀၀၀ ကျပ်၊ CP ပြောင်းဖူးစေ့၃၀,၀၀၀ကျပ်၊ပြောင်းနီ၂၇,၀၀၀ကျပ်၊ကုလားပဲဖြူလုံးကြီး၁၀၄,၀၀၀ကျပ်၊ ကုလားပဲဖြူလုံး၁၁၄,၅၀၀ကျပ်၊ ကုလားပဲ 929 ၉၈,၀၀၀ ကျပ်၊ ကုလားပဲထိုင်ဝမ် ၉၈,၀၀၀ ကျပ် ပေါက်ဈေးရှိကြောင်းသိရသည်။

ယခင်အပတ် ကာလတူအချိန် ပေါက် ဈေးနှုန်း များမှာ ဂျုံဖြူသန့် ၇၀,၀၀၀ ကျပ်၊ ပဲကြီး ၈၈,၀၀၀–၉၀,၀၀၀ ကျပ်၊ မတ်ပဲ ၁၁၅,၀၀၀– ၁၁၆,၀၀၀ ကျပ်၊ ပဲတီစိမ်းကြီး ၇၅,၀၀၀ ကျပ်၊ ပဲတီစိမ်းသေး ၇၀,၀၀၀ ကျပ်၊ ပဲစင်းငုံ ၁၅၂,၀၀၀ ကျပ်၊ ပဲနီလုံးရိုးရိုး ၇၈,၀၀၀–၈၃,၀၀၀ ကျပ်၊ ပဲနီလုံးကြား ၉၇,၀၀၀–၉၈,၀၀၀ ကျပ်၊ ထောပတ်ပဲ ၁၀၀,၀၀၀ ကျပ်၊ ပဲပုတ်စေ့ ၁၃၂,၀၀၀ ကျပ်၊ ပုဂံပဲ ၁၃၀,၀၀၀ ကျပ်၊ မြေထောက်ပဲ ၇၅,၀၀၀–၁၀၅,၀၀၀ ကျပ်၊ CP ပြောင်းဖူးစေ့ ၃၀,၀၀၀ ကျပ်၊ ပြောင်းနီ ၂၅,၀၀၀ ကျပ်၊ ကုလားပဲဖြူလုံးကြီး ၁၀၂,၀၀၀ ကျပ်၊ ကုလားပဲဖြူလုံးသေး ၁၁၁,၀၀၀ ကျပ်၊ ကုလားပဲ 929 ၉၆,၅၀၀ ကျပ်၊ ကုလားပဲထိုင်ဝမ် ၉၆,၅၀၀ကျပ် ပေါက်ဈေးရှိ၍ ယခုတစ်ပတ်အတွင်း ကာလတူနှိုင်းယှဉ်ပါက ဂျုံဖြူသန့် တစ်တင်းလျှင် ၁၀၀၀ ကျပ်၊ ပဲကြီး တစ်တင်းလျှင် ၁၅၀၀ ကျပ်၊ မတ်ပဲ တစ်တင်းလျှင် ၄၀၀၀ ကျပ်၊ ပဲတီစိမ်းကြီး တစ်တင်းလျှင် ၆၀၀၀ ကျပ်၊ ပဲစင်းငုံ တစ်တင်းလျှင် ၃၀၀၀ ကျပ်၊ ပဲနီလုံးရိုးရိုး တစ်တင်းလျှင် ၅၀၀၀ ကျပ်၊ ပဲနီလုံးကြား တစ်တင်းလျှင် ၂၀၀၀ ကျပ်၊ မြေထောက်ပဲ တစ်တင်းလျှင် ၁၀၀၀ ကျပ်၊ ပြောင်းနီ တစ်တင်းလျှင် ၂၀၀၀ ကျပ်၊ ကုလားပဲဖြူလုံးကြီး တစ်တင်းလျှင် ၂၀၀၀ ကျပ်၊ ကုလားပဲဖြူလုံးသေး တစ်တင်းလျှင် ၃၅၀၀ ကျပ်၊ ကုလားပဲ 929 တစ်တင်းလျှင် ၁၅၀၀ ကျပ်၊ ထိုင်ဝမ် တစ်တင်းလျှင် ၁၅၀၀ ကျပ်နှင့် ပဲပုပ်စေ့ တစ်တင်းလျှင် ၁၁၅၀၀ ကျပ်နှုန်း မြင့်တက်နေကြောင်းသိရသည်။

**Sourece : စစ်ကိုင်းတိုင်းဒေသကြီးဦးစီးမှူးရုံး**

https://myantrade.gov.mm/

## ထိုင်းနိုင်ငံ လျှပ်စစ်မော်တော်ကားကုမ္ပဏီများက မော်တော်ကား၏ အဓိက အစိတ်အပိုင်းများကို ၂၀၂၆ ခုနှစ်တွင် ထိုင်းနိုင်ငံ၌ ထုတ်လုပ်သွားမည်ဖြစ်ကြောင်း ပြောကြားခဲ့

ထိုင်းနိုင်ငံအစိုးရ၏ လျှပ်စစ်မော်တော်ကား အရောင်းမြှင့်တင်ရေးဆိုင်ရာ အစီအမံများ ရရှိထားပြီးသော မော်တော်ကား ထုတ်လုပ်သူများသည် ၂၀၂၆ ခုနှစ်တွင် လျှပ်စစ်မော်တော်ကား၏ အဓိက အစိတ်အပိုင်းများကို ပြည်တွင်း၌ထုတ်လုပ်သွားနိုင်ရေး ရင်းနှီးမြှုပ်နှံသွားမည်ဖြစ်ကြောင်း ယစ်မျိုးအခွန်ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် Mr. Ekniti Nitithanprapas က ပြောကြားခဲ့သည်။

လျှပ်စစ်မော်တော်ကားတစ်စီး၏ အရေးပါသော အစိတ်အပိုင်း ၃ ခုကို ပြည်တွင်း၌ တပ်ဆင်သွားမည် ဖြစ်ကြောင်း၊ ယင်းအစိတ်အပိုင်းများမှာ လျှပ်စစ်စွမ်းအင်မှ အရွေ့စွမ်းအင်သို့ ပြောင်းခဲ၍ ယာဉ်ကို စွမ်းအင်ပေးသည့် လျှပ်စစ်မော်တာ၊ လောင်ကျွမ်းလျှပ်စစ်ယာဉ်ရှိ ဂီယာဘောက်စ်နှင့် ဆင်တူသည့် Reducer နှင့် ဘက်ထရီရှိ တိုက်ရိုက်လျှပ်စီးကြောင်းမှ မော်တာကို လျှပ်စစ်ထောက်ပံ့ပေးနိုင်သည့် လျှပ်စီးကြောင်းသို့ ပြောင်းလဲပေးနိုင်သော အင်ဗာတာတို့ဖြစ်ကြောင်း၊ အစိုးရ၏ လျှပ်စစ် မော်တော်ကား အရောင်းမြှင့်တင်ရေး အစီအမံပထမအဆင့် ၃ ဒသမ ၀ နှင့် ဒုတိယအဆင့် ၃ ဒသမ ၅ တို့ပြီးနောက် မော်တော်ကား ထုတ်လုပ်သူများသည် အစီအစဉ်တွင် ပါဝင်ခဲ့ကြပြီး ထိုင်းနိုင်ငံ၌ ဘတ် ၈၀ ဘီလီယံကျော် ရင်းနှီးမြှုပ်နှံမှုတန်ဖိုးရှိသော ထုတ်လုပ်မှု အခြေစိုက်များကို တဖြည်းဖြည်းအခြေချလာခဲ့ကြပါကြောင်းညွှန်ကြားရေးမှူးချုပ်က ဆက်လက်ပြောကြားခဲ့သည်။

ထုတ်လုပ်မှုအခြေစိုက်များ အခြေချခြင်းနှင့် ပြည်တွင်း၌ လျှပ်စစ်မော်တော်ကားများ ထုတ်လုပ်ခြင်းသည် အစီအမံများထဲမှ သတ်မှတ်ချက်တစ်ခု ဖြစ်ပါကြောင်း၊ လျှပ်စစ်မော်တော်ကားအတွက် ထောက်ပံ့မှုအရ အစီအစဉ်တွင် ပါဝင်သည့် ကုမ္ပဏီ

များသည် ပထမနှစ်အတွင်း ရောင်းအား၏ ၁၀၀ ရာခိုင်နှုန်းနှင့် ကိုက်ညီသော တင်သွင်းမှုများအတွက် ခွန်မဲ့ရန်မှာ ပြည်တွင်းတွင် လျှပ်စစ်မော်တော်ကား ထုတ်လုပ်ရန် လိုအပ်ပါကြောင်း၊ ဒုတိယနှစ်တွင် ပြည်တွင်း၌ ထုတ်လုပ်ရမည့် လိုအပ်ချက်ကို ပြည့်မီရန် လွဲချော်ခဲ့ပါက ရောင်းအားပမာဏထက် ၁ ဒသမ ၅ ဆ ထုတ်လုပ်ရမည်ဖြစ်ကြောင်း၊ ၂၀၂၄ ခုနှစ် ပထမ ၁၁ လအတွင်း ဦးစီးဌာန၏ ယာဉ်ဆိုင်ရာ အခွန်ဝင်ငွေ သည် ၃၀ ရာခိုင်နှုန်း ကျဆင်းခဲ့ပြီး အကြောင်းအရင်းမှာ ထုတ်လုပ်မှုနှင့် ရောင်းအား ကျဆင်းခဲ့ရုံသာမက လျှပ်စစ်မော်တော်ကားများအတွက် အခွန်ဖြတ်တောက်သည့် အစီအမံများကြောင့် ဖြစ်ကြောင်း၊ ယာဉ်အခွန်ဝင်ငွေသည် ဦးစီးဌာန၏ ဝင်ငွေအများဆုံးအပိုင်းဖြစ်ကြောင်း ဖြည့်စွက်ပြောကြားခဲ့သည်။

လျှပ်စစ်မော်တော်ကားဘက်ထရီထုတ်လုပ်မှု၌ ရင်းနှီးမြှုပ်နှံမှု မြှင့်တင်ရန်အတွက် အစီအမံများကို ယခင်က ရင်းနှီးမြှုပ်နှံမှုဘုတ်အဖွဲ့က အတည်ပြုခဲ့ပါကြောင်း၊ Module-level ရင်းနှီးမြှုပ်နှံမှုတွင် ကော်ပိုရိတ်ဝင်ငွေခွန် ၈ နှစ် ကင်းလွတ်ခွင့်နှင့် Pack-level ရင်းနှီးမြှုပ်နှံမှုတွင် ကော်ပိုရိတ်ဝင်ငွေခွန် ၅ နှစ် ကင်းလွတ်ခွင့်ရရှိပြီး လျှပ်စစ်မော်တော်ကား အရောင်းမြှင့်တင်ရေးရန်ပုံငွေမှ ထောက်ပံ့မှုများမရရှိဘဲ Cell-level ရင်းနှီးမြှုပ်နှံမှုတွင် အခွန် ၈နှစ် ကင်းလွတ်ခွင့်နှင့် လျှပ်စစ်မော်တော်ကား အရောင်းမြှင့်တင်ရေးရန်ပုံငွေမှ ထောက်ပံ့မှုများ ရရှိကြောင်း သိရသည်။

**Source:** www.bangkokpost.com

**သီတာဝင်း၊ စီးပွားရေးသံမှူး၊ ဗန်ကောက်မြို့။**

https://myantrade.gov.mm/

## "Shanghai Cooperation Organization (SCO) Agricultural Expo" ပြပွဲ ကျင်းပပြုလုပ်မည်

တရုတ်ပြည်သူ့သမ္မတနိုင်ငံ၊ သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန၊ စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ စိုက်ပျိုးရေးနှင့် ကျေးလက်ရေးရာဝန်ကြီးဌာန၊ နိုင်ငံတော်သစ်တောနှင့်မြက်ခင်းပြင် စိမ်းလန်းစိုပြေရေး စီမံခန့်ခွဲမှုဌာန၊ တရုတ်နိုင်ငံသိပ္ပံအကယ်ဒမီ၊တရုတ်နိုင်ငံ ဉာဏပစ္စည်းမူပိုင်ခွင့်ဆိုင်ရာ စီမံခန့်ခွဲမှုဌာနနှင့် ရှန်းရှီးပြည်နယ်အစိုးရတို့ ပူးပေါင်း၍ ၂၀၂၄ ခုနှစ်၊ အောက်တိုဘာလ ၂၅ ရက်မှ ၂၉ ရက်အထိ တရုတ်ပြည်သူ့သမ္မတနိုင်ငံ၊ရှန်းရှီးပြည်နယ်၊ရန်းလင်မြို့ရှိ Yangling Demonstration Zone တွင် "Shanghai Cooperation Organization (SCO) Agricultural Expo" ပြပွဲ ကျင်းပမည်ဖြစ်သည်။

အဆိုပါ Shanghai Cooperation Organization (SCO) Agricultural Expo ပြပွဲကို China Yangling Agricultural High-tech Fair (CAF) ကျင်းပနေစဉ်ကာလအတွင်း ကျင်းပမည်ဖြစ်ရာ မြန်မာနိုင်ငံအနေဖြင့် ပါဝင်ပြသလိုပါက မြန်မာသံရုံးအတွက် ၁၈ စတုရန်းမီတာ အကျယ်အဝန်းရှိ ပြခန်းကို အခမဲ့စီစဉ်ပေးမည်ဖြစ်ပြီး ပါဝင်ပြသလိုသည့် လုပ်ငန်းရှင်များအနေဖြင့် ခရီးစရိတ်၊ နေထိုင်စားသောက်စရိတ်များကို မိမိအစီအစဉ်ဖြင့် ကျခံရမည်ဖြစ်ပါကြောင်းနှင့် ပြပွဲနှင့်စပ်လျဉ်း၍ အသေးစိတ်သိရှိလိုပါက Ms. Zelda Zhang, Tel: +86 17798040104, WeChat: yomyfzxh, Email: aetdazelda@163.com နှင့် Ms. Fanny, Tel: +86 13810944482, Email:aetdafanny@163.com သို့လည်းကောင်း၊ မြန်မာကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့၊ ကုန်သွယ်မှုဖွံ့ဖြိုးရေးဌာနခွဲ၊ ဖုန်း- ၀၆၇-၄၀၈၆၂၂၊ E-mail: event. td. Myantrade @gmail.com တို့သို့လည်းကောင်း ဆက်သွယ်စုံစမ်း မေးမြန်းနိုင်ပါကြောင်း သတင်းရရှိသည်။

**Source :** https://myantrade.gov.mm

## အမေရိကန်အစိုးရသည် NSTC ကျွမ်းကျင်အလုပ်သမားစင်တာဖွင့်လှစ်ခဲ့ပြီး အမေရိကန်ဒေါ်လာ သန်း ၂၅၀ ရင်းနှီးမြှုပ်နှံရန် မျှော်မှန်းထား

အမေရိကန်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနသည် အမျိုးသားတစ်ပိုင်းလျှပ်ကူးပစ္စည်း နည်းပညာစင်တာ (National Semiconductor Technology Center, NSTC)အောက်တွင် ကျွမ်းကျင် အလုပ်သမားများစင်တာ (Workforce Center of Excellence, WCoE) ကို တည်ထောင်ကြောင်း ၂၅-၉-၂၀၂၄ ရက်တွင် ထုတ်ပြန်ခဲ့သည်။

အဆိုပါကျွမ်းကျင် အလုပ်သမားများစင်တာသည် တစ်ပိုင်းလျှပ်ကူးပစ္စည်း (Semiconductor) ထုတ်လုပ်သည့်လုပ်ငန်းများ ကြုံတွေ့နေရသော အလုပ်သမားများ ဖွံ့ဖြိုးတိုးတက်မှုဆိုင်ရာပြဿနာကို ဖြေရှင်းရန်အတွက် ခြေလှမ်းတစ်ရပ်ဖြစ်ကြောင်း၊ ကမ္ဘာတစ်ဝှမ်းတွင် နည်းပညာမြင့်မားသည့် တစ်ပိုင်းလျှပ်ကူးပစ္စည်း ဝယ်လိုအား အဆမတန်မြင့်မားလာမှုကို ကြုံတွေ့ရလျက်ရှိပြီး အမေရိကန်နိုင်ငံအနေဖြင့် အဓိကအရေးပါသည့် တစ်ပိုင်းလျှပ်ကူးပစ္စည်း နည်းပညာကဏ္ဍ၌ ကမ္ဘာ့ဦးဆောင်နိုင်ငံဖြစ်လာစေရန်အတွက် ကျွမ်းကျင်ပြီးခေတ်နှင့် လျှော်ညီစွာ လုပ်ဆောင်နိုင်စွမ်းရှိသည့် အလုပ်သမားထုတစ်ရပ် မွေးထုတ်နိုင်ရန် WCoE စင်တာကိုတည်ထောင်ခြင်းဖြစ်ကြောင်း၊ ဤသို့ လုပ်ဆောင်ခြင်းဖြင့် အမေရိကန်နိုင်ငံသားများကို လုပ်ခလစာ ကောင်းမွန်သည့် အလုပ်များနှင့် ချိတ်ဆက်ပေးနိုင်ရန်ဖြစ်ကြောင်း၊ အမေရိကန်နိုင်ငံရှိ တစ်ပိုင်းလျှပ်ကူးပစ္စည်းနှင့် CHIPSကဏ္ဍရှိ အလုပ်သမားများ၏ စွမ်းဆောင်ရည်တိုးတက်လာစေရန် ကြိုးပမ်းဆောင်ရွက်မှုအဖြစ် WCoE စင်တာအနေဖြင့် အမေရိကန်နိုင်ငံ အတွင်းရှိ ပုဂ္ဂလိကကဏ္ဍ၊ အစိုးရ၊ အကျိုးအမြတ်မယူသည့် အဖွဲ့အစည်းများ၊ သင်တန်းကျောင်းများ၊ လူမှုအသိုင်းအဝိုင်းနှင့် နည်းပညာ ကောလိပ်၊တက္ကသိုလ်နှင့် အလုပ်သမားသမဂ္ဂတို့ကို စုစည်း၍ နည်းပညာလုပ်ငန်းများ ကြုံတွေ့နေရသည့် စိန်ခေါ်မှုများ အတွက် အဖြေရှာခြင်း၊ နည်းလမ်းကောင်းများကို တိုးမြှင့်ကျင့်သုံးခြင်း၊ အလုပ်အကိုင်ကောင်းများ တိုးတက်လာစေရန် အတွက် မျိုးဆက်သစ်လူငယ် တစ်ပိုင်းလျှပ်ကူးပစ္စည်းသုတေသီများ၊ အင်ဂျင်နီယာများနှင့် နည်းပညာရှင်များကို သင်တန်းပို့ချ ပေးခြင်းနှင့် အလုပ်အကိုင်ခန့်ထားခြင်းများ ဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ အမေရိကန်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနအနေဖြင့် WCoE စင်တာ တွင် ၁၀ နှစ်အတွင်း အမေရိကန်ဒေါ်လာ သန်း ၂၅၀ အထိ ရင်းနှီးမြှုပ်နှံသွားမည်ဖြစ်ကြောင်း သိရသည်။

**Sourc: စီးပွားရေးသံမှူး၊ ဝါရှင်တန်ဒီစီ**

https://myantrade.gov.mm/

## STOCK EXCHANGE (26.9.2024)

YANGON STOCK EXCHANGE

Home | About YSX | Main Board (MB) | Pre Listing Board (PLB)

Home > Main Board > Market Data > Stock trading data

### Stock trading data

As of 25th Sep. 2024

**Total Trading** [Continuous trading + Block trading]

| Trading Volume | Trading Value |
|---|---|
| 68,089 (Shares) | 188,469,600 (MMK) |

**Stock trading**

| Name | Code | Close | Change | % Change | Open | High | Low | Trading volume | Trading value (MMK) | No. of listed shares | Market Cap. (mil MMK) |
|---|---|---|---|---|---|---|---|---|---|---|---|
| FMI | 00001 | 8,800 | +0 | +0.00% | 8,700 | 8,800 | 8,700 | 1,771 | 15,408,000 | 33,109,694 | 291,365 |
| MTSH | 00002 | 3,450 | -50 | -1.43% | 3,450 | 3,450 | 3,450 | 779 | 2,687,550 | 38,929,150 | 134,306 |
| MCB | 00003 | 8,800 | +0 | +0.00% | 8,800 | 8,800 | 8,800 | 10 | 88,000 | 10,400,986 | 91,529 |
| FPB | 00004 | 1,850 | -50 | -2.63% | 1,850 | 1,850 | 1,850 | 34,058 | 63,007,300 | 29,664,613 | 54,880 |
| TMH | 00005 | 2,950 | +100 | +3.51% | 2,950 | 2,950 | 2,950 | 30 | 88,500 | 12,823,224 | 37,829 |
| EFR | 00006 | 1,750 | +50 | +2.94% | 1,750 | 1,750 | 1,700 | 728 | 1,244,250 | 19,977,223 | 34,960 |
| AMATA | 00007 | 4,500 | +0 | +0.00% | 4,500 | 4,500 | 4,500 | 13 | 58,500 | 10,497,598 | 47,239 |
| MAEX | 00008 | 3,400 | -50 | -1.45% | 3,450 | 3,450 | 3,400 | 700 | 2,387,500 | 23,804,946 | 80,937 |

YANGON STOCK EXCHANGE

Search...

Home | About YSX | Main Board (MB) | Pre Listing Board (PLB)

Home > Main Board > Market Data > Market summary


## Market summary

As of 25th Sep. 2024

### Today's summary

| Index name | Close | Change | % Change | Open | High | Low | Trading volume (shares) | Trading value (MMK) | No. of listed companies | Market Cap. (mil MMK) |
|---|---|---|---|---|---|---|---|---|---|---|
| MYANPIX | 409.85 | -1.24 | -0.30% | 408.72 | 409.85 | 407.56 | 38,089 | 84,969,600 | 8 | 773,045 |

### Index chart




## Market Overview

## Grand Total Trading [Total trading (MB) + Total trading (PLB)]

- -

| Trading Volume | Trading Value |
|---|---|
| - - (Shares) | - - (MMK) |

## Main Board

As of 12:30 pm, 26th Sep. 2024

### Total Trading (MB) [Continuous trading + Block trading]

| Trading Volume | Trading Value |
|---|---|
| 8,426 (Shares) | 22,029,800 (MMK) |

| MYANPIX | 409.06 ▼ 0.79 |
|---|---|
| Total Volume (shares) | 8,426 |
| Total Value (MMK) | 22 mil |
| Listed Company | 8 |
| Market Cap. (MMK) | 771,564 mil |

| Name | Code | Price | Change |
|---|---|---|---|
| FMI | 00001 | 8,700 | ▼ 100 |
| MTSH | 00002 | 3,450 | ▲ 0 |
| MCB | 00003 | 9,000 | ▲ 200 |
| FPB | 00004 | 1,900 | ▲ 50 |
| TMH | 00005 | 2,800 | ▼ 150 |
| EFR | 00006 | 1,700 | ▼ 50 |
| AMATA | 00007 | 4,500 | ▲ 0 |
| MAEX | 00008 | 3,450 | ▲ 50 |